ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ်၊ ၇၀ /၂၀၂၄**

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

# လျှပ်စစ်သုံးယာဉ် စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ အခြားစွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့် ညွှန်ကြားချက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် လျှပ်စစ်သုံးယာဉ် စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ အခြားစွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန်နှင့် သက်ရှိသတ္တဝါတို့၏ ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ မရှိစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄၂ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ဤညွှန်ကြားချက်တွင်ပါရှိသော စကားရပ်များသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြား စွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) လျှပ်စစ်သုံးယာဉ် စွန့်ပစ်ဘက်ထရီများဆိုသည်မှာ လျှပ်စစ်ယာဉ်အသုံးပြုသူက ဖြစ်စေ၊ ဘက်ထရီရောင်းဝယ်ဖောက်ကားသူကဖြစ်စေ၊ ဘက်ထရီထုတ်လုပ်ရောင်းချသူကဖြစ်စေ၊ ဘက်ထရီတစ်ခုလုံး သို့မဟုတ် ယင်းဘက်ထရီအစိတ်အပိုင်းများအား သက်တမ်းလွန်ခြင်း၊ နည်းပညာချို့ယွင်းခြင်း၊အရည်အသွေးမပြည့်မီခြင်း၊ ပြန်လည်ပြုပြင်သုံးစွဲ၍ မရနိုင်ခြင်းတို့ကြောင့် စွန့်ပစ်မည့်ဘက်ထရီများကို ဆိုလိုသည်။

(ခ) လျှပ်စစ်သုံးယာဉ်ဆိုင်ရာ အခြားစွန့်ပစ်ပစ္စည်းဆိုသည်မှာ သတ္တု သို့မဟုတ် ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော ယာဉ်ကိုယ်ထည်၏ အစိတ်အပိုင်းများ၊ တာယာများ၊ အအေးခံဆေးရည် (Coolant) နှင့် ဘရိတ်ဆီ (Brake Fluid) များ၊ လေအိတ်များ၊ ပြန်လည်ပြုပြင်ထုတ်လုပ်သုံးစွဲနိုင်သည့် စွန့်ပစ်အီလက်ထရောနစ်အစိတ်အပိုင်းများ၊

လျှပ်စစ်သုံးယာဉ်တွင် တပ်ဆင်အသုံးပြုထားသော မှန်ချပ်အမျိုးမျိုး၊ ဒက်ရှ်ဘုတ် (Dashboard) အပါအဝင် ယာဉ်အတွင်းပိုင်းတွင် တပ်ဆင်ထားသော ပလတ်စတစ် အစိတ်အပိုင်းများ၊ ထိုင်ခုံများကိုဆိုလိုသည်။

၃။ လျှပ်စစ်သုံးယာဉ် စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ အခြားစွန့်ပစ်ပစ္စည်း များအား ပြည်ပသို့တင်ပို့သူများသည်-

(က) လျှပ်စစ်သုံးယာဉ်များမှထွက်ရှိသော စွန့်ပစ်ဘက်ထရီများသည် လစ်သီယမ် - အိုင်ယွန်း(Lithium-ion) များဖြင့် ပြုလုပ်ထားသောကြောင့် ဘာဆယ်ကွန်ဗင်းရှင်း မှ သတ်မှတ်ထားသည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းအမျိုးအစားများတွင် မပါဝင် သော်လည်း အဆိုပါဘက်ထရီများတွင် အသုံးပြုသည့် လျှပ်စစ်ဓာတ်မအား ဆောင်သော လျှပ်တိုင် (Cathode)၊ လျှပ်စစ်ဓာတ်ဖိုအားဆောင်သော လျှပ်တိုင် (Anode)၊ အီလက်ထရိုလိုက် (Electrolyte) အမှုန့်များ၊ လစ်သီယမ်နှင့် အိုင်ယွန်း သတ္တုများသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၏ နောက်ဆက် တွဲ (က) အပိုဒ် ၂ တွင် ဖော်ပြထားသည့် ဘေးအန္တရာယ်ရှိစေနိုင်သော သွင်ပြင် လက္ခဏာအများစုအား ပြသနိုင်သဖြင့် ပြည်ပသို့တင်ပို့ခြင်းပြုလုပ်သည့်အခါ သက်ဆိုင်ရာနိုင်ငံ၏ ဘာဆယ်ကွန်ဗင်းရှင်းဆိုင်ရာ အခွင့်ရအာဏာပိုင်သို့ ဝန်ကြီး ဌာနက ကြိုတင်အသိပေးအကြောင်းကြားပြီးမှသာ တင်ပို့ခြင်းကိုဆောင်ရွက်ရမည် ဖြစ်သဖြင့် လိုအပ်သည့် အထောက်အထား စာရွက်စာတမ်းများနှင့် အချက်အလက် များကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြား စွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းကို လိုက်နာဆောင်ရွက်ရမည်။

၄။ လျှပ်စစ်သုံးယာဉ် စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ အခြားစွန့်ပစ်ပစ္စည်း များအား စွန့်ပစ်ခြင်းပြုသည့် လုပ်ငန်းလုပ်ကိုင်သူသည် -

(က) ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၄ အရ ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၅ အရ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင်အထောက်အကူပြုပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်း ကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုရမည်။ ယင်းသို့ ဆောင်ရွက်ခြင်း မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကိုမထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၅။ လျှပ်စစ်သုံးယာဉ်မှထွက်ရှိသည့် စွန့်ပစ်ဘက်ထရီနှင့် အခြားစွန့်ပစ်ပစ္စည်းများကို ပြည်တွင်း၌ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းကို ဦးစားပေးဆောင်ရွက်ရမည်။

၆။ မည်သူမျှ လျှပ်စစ်သုံးယာဉ် စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ အခြား စွန့်ပစ်ပစ္စည်းများအား တင်သွင်းခြင်းမပြုရ။

၇။ ဤညွှန်ကြားချက်ပါ လိုက်နာဆောင်ရွက်ရမည့် အချက်တစ်ရပ်ရပ်ကို ပျက်ကွက်သူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃၂ အရ အရေးယူခြင်းခံရမည်။

(ပုံ) ခင်မောင်ရီ

ပြည်ထောင်စုဝန်ကြီး

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စာအမှတ်၊ (သစ်တော)၃/၁၃(ဃ)/( ၂၀၄၈ /၂၀၂၄)

ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ သြဂုတ်လ ၇ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။ |

ညွှန်ကြားရေးမှူးချုပ်၊အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန

အမိန့်အရ

၇.၈.၂၀၁၄

(လှမောင်သိန်း)

အမြဲတမ်းအတွင်းဝန်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန